APRIL 2024

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# e-Newsletter

Vol.3 No.4 https://mnhrc.org.mm/publication/e-Newsletter



နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်မှ သင်တန်းသား၊ သင်တန်းသူများအား သင်ခန်းစာပို့ချစဉ်။

## သတင်းအညွှန်း


မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မန္တလေး လူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း စာ ၇

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပဲခူးအချုပ် ထောင်အား ကြည့်ရှုစစ်ဆေးခြင်း စာ ၈

တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာပို့ချ စာ ၁၀

တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ စာ ၁၁

ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဆွေးနွေး ဟောပြောပွဲကျင်းပပြုလုပ် စာ ၁၁

ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာ(မှော်ဘီ) တို့အား ကြည့်ရှုစစ်ဆေးခြင်း စာ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချ စာ ၁၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) ၌ သင်ခန်းစာ သွားရောက်ပို့ချ စာ ၁၄

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုး မှု သင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာသွားရောက်ပို့ချ စာ ၁၅

သ က် ကြီး ရွ ယ် အို များ နေ့ ပို င်း စော င့် ရှော က် ရေး ဂေ ဟာ (မရမ်းကုန်း) တွင် သင်ခန်းစာ သွားရောက်ပို့ချ စာ ၁၆


## နိုင်ငံခြားရေးဝန်ကြီးဌာနတွင် သင်ခန်းစာသွားရောက်ပို့ချ

**မတ်လ ၁၂ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ၌ ဖွင့်လှစ်လျက်ရှိသော "အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (Certificate Course in Basic Diplomatic Skills– BDS) အမှတ်စဉ် (၄၅/ ၂၀၂၃)" သို့ ၁၂–၃–၂၀၂၄ ရက်နေ့၊ နံနက် ၀၇:၀၀ နာရီမှ ၀၈:၅၀ နာရီအချိန်ထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဘာသာရပ် သင်ခန်းစာတို့ကို သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းဖြစ်ပေါ်

လာပုံနှင့် ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များ ကော်မရှင်၏ လက်တွေ့အကောင်အထည်ဖော်နေမှုများ စသည့် ဘာသာရပ်များကို ဆက်စပ်ရှင်းလင်းပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသူ/ သားဦးရေ ၁၀၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## "နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များ – Rights and Duties of the Citizens" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း






**မတ်လ ၁၈ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ "နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များ – Rights and Duties of the Citizens" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို ၁၈–၃–၂၀၂၄ ရက်နေ့၊ ၁၃:၃၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဟောပြောဆွေးနွေးရာတွင် "နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များ – Rights and Duties of the Citizens" ခေါင်းစဉ်ဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ( Universal Declaration of Human Rights – UDHR) ပါ အခွင့်အရေးနှင့် တာဝန်ရှိမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ပြည်သူ့စစ်မှုထမ်းခြင်းနှင့် စပ်လျဉ်းသည့် ကမ္ဘာ့နိုင်ငံများ ကျင့်သုံးသည့်သမိုင်း၊ မြန်မာ့သမိုင်းတွင် နိုင်ငံကာကွယ်ရေးအတွက် ဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်များ၊ မျက်မှောက်ခေတ် ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးသောနိုင်ငံများ၊ ပြည်သူ့စစ်မှုထမ်းတာဝန်မှ ယာယီရွှေ့ဆိုင်းခွင့်ရရှိသူများနှင့် ဥပဒေအရ ကင်းလွတ်ခွင့်ရသူများ၊ နိုင်ငံ့သားကောင်းဂုဏ်ရည်နှင့် ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ခြင်း၏ အကျိုးရလဒ်များ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပါသည်။ ဟောပြောပွဲတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက နိုင်ငံအချို့၏ ပြည်သူ့စစ်မှုထမ်းခြင်း သာဓကများနှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးနှင့် တာဝန်ရှိမှုတို့ကို ပါဝင်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်း/အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

ဟောပြောပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး အသိပညာပေး ဟောပြောပွဲအား ၁၄:၄၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကျင်းပ









မတ်လ ၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် “အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့”အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ အခမ်းအနားကို ကော်မရှင်ရုံး၊ Conference Room တွင် ၇-၃-၂၀၂၄ ရက်နေ့ ၁၄:၀၀ နာရီအချိန်မှ ၁၆:၀၀ နာရီအချိန်အထိ Hybrid System ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်မှ အဖွင့်အမှာစကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့နှင့် စပ်လျဉ်း၍ အမျိုးသမီးများအား စိတ်ခွန်အား ရရှိစေရန်၊ ကျား/မ တန်းတူအခွင့်အရေးများ ရရှိစေရန်နှင့် အခြားအခွင့်အရေးများ ရရှိနိုင်ရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ ကော်မရှင်သည်တစ်ခုတည်းသော အမျိုးသားအဆင့် လူ့အခွင့်အရေးကော်မရှင်ဖြစ်ကြောင်း၊ ကော်မရှင်ဥပဒေ၏ အခန်း (၂) အပိုဒ် (၃) ပါ ရည်ရွယ်ချက် (၄) ရပ်တွင် မူလအခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု၍ လေးစားကာကွယ်သော အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်၊ နိုင်ငံတော်အနေဖြင့် လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေး စာချုပ်ပါအခွင့်အရေးများကို မြှင့်တင်ကာကွယ်ရန် ပြဋ္ဌာန်းထားကြောင်း၊ အမျိုးသမီးအခွင့်အရေးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံဥပဒေ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများတွင် ထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံပေတံဖြစ်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူအပေါင်းတို့သည် အခြေခံလူ့အခွင့်အရေးနှင့် အမျိုးသား၊ အမျိုးသမီးတန်းတူ အခွင့်အရေးရှိရန်နှင့် ကုလသမဂ္ဂပဋိညာဉ်၌လည်း ထပ်မံအတည်ပြုထားပြီး အပိုဒ် (၂) တွင် အမျိုးသား၊ အမျိုးသမီး၊ လူမျိုး၊ ဘာသာ၊ အသားအရောင် ခွဲခြားမှုမရှိစေရေး ဖော်ပြထားရာ ယင်းအချက်များနှင့် ကိုက်ညီသော လူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေရန် ကော်မရှင်အနေဖြင့် ရည်မှန်းဆောင်ရွက်နေကြောင်း၊ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုရှိသည့်အနက် မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုထားသော စာချုပ် (၄) ခုတွင် တစ်ခု အပါအဝင်ဖြစ်သည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) တွင်လည်း အမျိုးသားနှင့် အမျိုးသမီးတန်းတူ အခွင့်အရေးကို ရည်ညွှန်းပြဋ္ဌာန်းထားကြောင်း၊

ထိုအချက်များကို ကော်မရှင်၏ ရည်ရွယ်ချက်များ အတိုင်း ဖြည့်ဆည်း အကောင်အထည်ဖော်ရန် တာဝန်ရှိသည့်အတွက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ပါဝင်ကြိုဆို ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့စာမတတ်သူများ၏ (၃) ပုံ (၂) ပုံ သည် အမျိုးသမီးများဖြစ်ကြောင်း၊ ကမ္ဘာ့ဥပဒေပြု အဖွဲ့အစည်းများမှလည်း ၂၂% သာ အမျိုးသမီးများဖြစ်နေသေးကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများ အခွင့်အရေးရရှိမှုသည် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများထက် ပိုမိုကြောင်း၊ ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးများ၏ အခွင့်အရေးကို မြှင့်တင်ကာကွယ်ရန် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ပါဝင်ကြိုဆိုဂုဏ်ပြုရခြင်းဖြစ်ကြောင်း စသည်ဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့နှင့်စပ်လျဉ်း၍ဆွေးနွေးဟောပြောခဲ့ပြီး အမျိုးသမီး အခွင့်အရေးဆိုင်ရာ တာဝန်ခံအရာရှိ (Women Rights Desk Officer) ဒေါ်မို့မို့အောင်က အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)တွင် ပါဝင်ဆောင်ရွက်မှုအခြေအနေများအကြောင်း ပါဝင်ဆွေးနွေးဟောပြောခဲ့ပါသည်။ ထို့နောက် အခမ်းအနားကို ၁၆:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်း





**မတ်လ ၁ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး မိသားစုများ၏ မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကို ၁-၃-၂၀၂၄ ရက်နေ့၊ ၁၄:၃၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ အဆောက်အဦ အမှတ်(၁) ၃ ထပ်ဆောင်ရှေ့ လေဟာပြင်တွင် ကျင်းပပြုလုပ်ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ယခင်ကော်မရှင် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ကြသော သံအမတ်ကြီး (ငြိမ်း) ဦးဝင်းမြ၊ သံအမတ်ကြီး (ငြိမ်း) ဦးလှမြင့်၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့်ကော်မရှင်ရုံးအရာထမ်း/အမှုထမ်းမိသားစုများ စုံညီစွာပါဝင်တက်ရောက် ဆင်နွှဲခဲ့ပါသည်။

ထမနဲထိုးပြိုင်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာ တပို့တွဲလသည် ယာဂုနှင့် ထမနဲပွဲများကို ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ကျင်းပလာခဲ့ပြီး ယနေ့ခေတ်အထိ ကျင်းပလျက်ရှိပါကြောင်း၊ ထမနဲပွဲသည် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတဖြစ်သကဲ့သို့ ထမနဲ၏ အရသာကောင်းခြင်းသည် စည်းလုံးညီညွတ်ခြင်း၏ ပြယုဂ် ဖြစ်စေသည်ဟု ရှေးလူကြီးများ ဆိုစကားရှိခဲ့ကြောင်း၊ ယနေ့ထမနဲထိုးပြိုင်ပွဲသည်လည်း ကော်မရှင် ဝန်ထမ်းများ၊ မိသားစုများ ချစ်ခင်စည်းလုံးညီညွတ်မှုများ တိုးတက်ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ထမနဲထိုးပြိုင်ပွဲကို ကော်မရှင်ရုံးဌာန (၆) ခုမှ အရာထမ်း၊ အမှုထမ်းများဖြင့် ဖွဲ့စည်းထားသော အသင်းများက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများက အားပေးခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမိသားစု၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းခြင်း



မတ်လ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဇနီး ဒေါ်ခင်မီမီဝင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်တို့သည် ၂၄-၃-၂၀၂၄ ရက်နေ့တွင် ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆပ်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားကို နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရဝုဏ် အတွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး မိသားစုမှ လှူဒါန်းသည့် လှူဖွယ်ပစ္စည်းနှင့် နဝကမ္မ အလှူငွေများ လောင်းလှူပူဇော်ခဲ့ပါသည်။

---

## ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၃/၂၀၂၄) ကျင်းပခြင်း

မတ်လ ၇ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) ကို ၇-၃-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။




---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ (၇၉) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအခမ်းအနား တက်ရောက်ခြင်း




မတ်လ ၂၇ ရက်

(၇၉) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးအဖွဲ့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့သည် ၂၇-၃-၂၀၂၄ ရက်နေ့ နေပြည်တော်တွင် ကျင်းပသည့် (၇၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားနှင့်ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေး (၃/၂၀၂၄) ကျင်းပခြင်း



**မတ်လ ၂၉ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၃/ ၂၀၂၄) ကို ၂၉-၃-၂၀၂၄ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြခဲ့ပြီး စီမံရေးရာနှင့်ဘဏ္ဍာရေးဌာန အနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန်လျာထားချက်များ၊ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သောလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

## "ကောင်းမွန်သောအုပ်ချုပ်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ခြင်း – THE CHALLENGES OF REFORMS FOR GOOD GOVERNANCE FROM THE HUMAN RIGHTS POINT OF VIEW" ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေး ဟောပြောပွဲကျင်းပပြုလုပ်ခြင်း





**မတ်လ ၁၁ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ "ကောင်းမွန်သော အုပ်ချုပ်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုများကိုလူ့အခွင့်အရေး ရှုထောင့်မှ သုံးသပ်ခြင်း – THE CHALLENGES OF REFORMS FOR GOOD GOVERNANCE FROM THE HUMAN RIGHTS POINT OF VIEW " ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ၁၁-၃-၂၀၂၄ ရက်နေ့၊ နေ့လယ် ၁၃:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေးရေးဟောပြောပွဲ၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးပေါ်လွင်စိန် က အဖွင့်အမှာစကား ပြောကြားရာတွင် အသိပညာ မျှဝေခြင်း အစီအစဉ် Knowledge Sharing ပြုလုပ်ခြင်းသည် အဖွဲ့အစည်း၊ ဌာန၊ လုပ်ငန်းအသီးသီး၏ အောင်မြင်မှု တိုးတက်ဖြစ်ပေါ်မှုများအတွက် အဓိက

ကျသော မောင်းနှင်အားတစ်ခုဖြစ်ကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အစိုးရဌာနအသီးသီးမှ ဝန်ထမ်းများသာမက လူမှုလူတန်းစားအသီးသီးကလည်း ကျရာ အခန်းကဏ္ဍမှ လိုက်လျောညီထွေ ပံ့ပိုး ဆောင်ရွက်ကြရသည်ဖြစ်ကြောင်း၊ Knowledge Sharing ပြုလုပ်ခြင်းသည် လုပ်ငန်းအသီးသီး၏ လုပ်ငန်းစွမ်းဆောင်မှုများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ပိုမိုဆန်းသစ်ဆောင်ရွက်နိုင်ရန်၊ ပိုမိုချောမွေ့အောင်မြင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက "ကောင်းမွန်သောအုပ်ချုပ်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ခြင်း – THE CHALLENGES OF REFORMS FOR GOOD GOVERNANCE FROM THE HUMAN RIGHTS POINT OF VIEW" ခေါင်းစဉ်ဖြင့် ပြုပြင်ပြောင်းလဲမှုများ၊ ပြုပြင်ပြောင်းလဲမှုဆိုင်ရာတွင် ပါဝင်မှုများ၊ ခေါင်းဆောင်မှု၏ လက္ခဏာများ၊ ကောင်းမွန်သောအုပ်ချုပ်မှု၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပါသည်။ ထို့နောက် တက်ရောက်လာကြသည့် အရာထမ်း/ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

ဟောပြောပွဲကို ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ စုစုပေါင်း ၇၄ ဦး တက်ရောက်ခဲ့ကြပြီး ဆွေးနွေးဟောပြောပွဲအား ၁၅:၄၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသော ကလေးသူငယ်များ စိစစ်ရေးဗဟို ကော်မတီ အစည်းအဝေးသို့ တက်ရောက်ခြင်း

မတ်လ ၁၅ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁၅-၃-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "သင်တန်းကျောင်းများရှိပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးဗဟိုကော်မတီ အစည်းအဝေး" သို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း တက်ရောက်ခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မန္တလေးလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း





မတ်လ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်းနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး






အဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၅-၃-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးလူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခဲ့ရာတွင် သင်တန်းကျောင်းအတွင်းရှိ လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော လူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာ ကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ အိပ်ဆောင်များ ထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု အခြေအနေ၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင်ပေးမှုအခြေအနေများနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ မန္တလေးလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပဲခူးအချုပ်ထောင်အား ကြည့်ရှုစစ်ဆေးခြင်း

**မတ်လ ၁၉ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၉-၃-၂၀၂၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ ပဲခူးအချုပ်ထောင်အား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပဲခူးအချုပ်ထောင်အား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားများ၏ နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ သုံးစွဲမှုအခြေအနေများ၊ မိသားစုနှင့်တွေ့ဆုံမှု အခြေအနေ၊ လွတ်လပ်စွာ ဘာသာတရား ကိုးကွယ်နိုင်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် အိပ်ဆောင်များအတွင်း သန့်ရှင်းမှု ရှိ မရှိ၊ အစ္စလာမ်ဘာသာဝင်တို့၏ ဥပုတ်ကာလ ဥပုတ်စောင့်တည်နေမှု အခြေအနေစသည့် အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများ ရရှိခြင်း ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။



အချုပ်ထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

---

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း တိုင်တန်းချက် (၃၁) စောင်၊ ဖေဖော်ဝါရီလ တိုင်တန်းချက်လက်ကျန် (၃) စောင်၊ စုစုပေါင်း တိုင်တန်းချက် (၃၄) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၂) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၆) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၂၃) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိပါသည်။ မတ်လတွင် တိုင်တန်းချက်လက်ကျန် (၃) စောင်ရှိပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်းသင်တန်း၊ အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း



**မတ်လ ၁ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း/ အမှုထမ်းများအတွက် အခြေခံရုံးလုပ်ငန်းသင်တန်း (ဒုတိယအကြိမ်) သင်တန်းဆင်းပွဲအခမ်းအနားကို ၁-၃-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်ခဲ့သည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပါသည်။ ထို့နောက် သင်တန်းသားတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းဆင်းပွဲအခမ်းအနားအား ၁၀:၄၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာပို့ချ



**မတ်လ ၂၀ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၁၄)၊ (၁၁၅) နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၂၂) တို့သို့ ၂၀-၃-၂၀၂၄ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၁၄)၊ (၁၁၅) တို့၌ သင်တန်းသားဦးရေ ၁၁၈ ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၂၂) ၌ သင်တန်းသားဦးရေ ၈၀ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ ၁၉၈ ဦး တက်ရောက်ခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ




**မတ်လ ၂၁ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၉၇)၊ (၉၈) တို့သို့ ၂၁-၃-၂၀၂၄ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့်ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၇)၊ (၉၈) တို့၌ စုစုပေါင်း သင်တန်းသားဦးရေ ၁၆၇ ဦး တက်ရောက်ခဲ့ကြပါသည်။

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ခြင်း

**မတ်လ ၈ ရက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၈-၃-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပပြုလုပ်သည့် "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား" သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပပြုလုပ်





**မတ်လ ၄ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ၄-၃-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် သူနာပြုတက္ကသိုလ် (မန္တလေး)၊ တော်ဝင်သဇင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မန္တလေးသူနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသူ/သားများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ စုစုပေါင်း ၂၆၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုဆွေးနွေး ဟောပြောပွဲသည် ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးနှင့် ပတ်သက်၍ ဒုတိယမြောက်ဆွေးနွေးဟောပြောပွဲ ဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်သည် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းကာ နိုင်ငံတော်အတွင်း လူ့အခွင့်အရေးကို မြှင့်တင်ပေးရန်နှင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် တစ်ခုတည်းသော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း ဖြစ်ကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်ပညာပေး လုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးရှိ နေရာဒေသအသီးသီးမှ ပြည်သူများနှင့် နိုင်ငံတော်ယန္တရား အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ကြီးဌာနအသီးသီးက အရာထမ်း၊ အမှုထမ်းများအပြင် အရာထမ်း၊ အမှုထမ်း ဖြစ်လာမည့်သူများကိုပါ လူ့အခွင့်အရေး အသိပညာ တိုးပွားရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဘဝဖွံ့ဖြိုးရေးတွင် အရေးပါဆုံးဖြစ်သည့် လူသားအားလုံး၏ စားဝတ်နေရေးသည် အခြေခံအကျဆုံး လူ့အခွင့်အရေးများဖြစ်သည့်အပြင် ပညာရေး၊ ကျန်းမာရေးအခွင့်အရေးများသည်လည်း လူမှုရေးဆိုင်ရာ အခွင့်အရေးများ ဖြစ်ကြောင်း၊ ကျန်းမာရေး အခွင့်အရေးသည် လူသားများ၏ အသက်ရှင်သန်ခွင့်နှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည့်အတွက် လူသားများ ကျန်းမာကြံ့ခိုင်စေရန် ဆရာဝန်/ သူနာပြုများနှင့် ဆေးဝါးများ လုံလောက်မှုရှိရန်တို့သည် အရေးကြီးသည့် အခွင့်အရေးများဖြစ်သကဲ့သို့ ဆေးရုံ/ ဆေးခန်းများကို လက်လှမ်းမီစေမှသာ ကောင်းမွန်သော ကျန်းမာရေးခံစားခွင့် ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူ့ဘောင်အဖွဲ့အစည်းအတွင်း အရေးကြီးသည့် ကျန်းမာရေးအခွင့်အရေးကို အဓိကတာဝန်ယူ ဆောင်ကြဉ်းပေးလျက်ရှိသည့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအပါအဝင် အနာဂတ်၏ သူနာပြုအလောင်းအလျာများအနေဖြင့် လူသားတို့၏ အသက်ရှင်သန်ခွင့်အပေါ် လေးစား၍ အများပြည်သူတို့၏ ကျန်းမာရေး အခွင့်အရေးများကို သိရှိနားလည်ကာ အမိတက္ကသိုလ်ကြီးက သင်ကြားပေးလိုက်သော အတတ်ပညာများနှင့်ပေါင်းစပ်ပြီး အများပြည်သူတို့၏ ကျန်းမာရေးကို စွမ်းစွမ်းတမံ စောင့်ရှောက်ပေးနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ညွှန်ကြားရေးမှူးဦးဇော်လွင်ထူးက လူ့အခွင့်အရေးဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကျန်းမာရေး စောင့်ရှောက်မှုအခွင့်အရေးဆိုင်ရာအကြောင်းအရာများ ကိုလည်းကောင်း အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအား ၁၂:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာ (မှော်ဘီ) တို့အား ကြည့်ရှုစစ်ဆေးခြင်း



### မတ်လ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၅-၃-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့ပေါ်ရှိ မှော်ဘီမြို့မ ရဲစခန်းအချုပ်ခန်း၊ မှော်ဘီခရိုင်တရားရုံး အချုပ်ခန်း၊ မှော်ဘီမြို့နယ်တရားရုံး အချုပ်ခန်းနှင့် ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာ (မှော်ဘီ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် မော်ဘီမြို့ရှိ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှင်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် အမှုရင်ဆိုင်ရန် ရုံးထုတ်အချိန်အတွင်း စားသောက်ရမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိ၊ အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မော်ဘီမြို့ရှိ ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာ၌ လက်ခံစောင့်ရှောက် ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက် တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွား အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ

မတ်လ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော "လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အသိပညာ မြင့်မားရေး သင်တန်း" သို့ ၁၁-၃-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်မှ ၁၆:၄၅ နာရီအချိန်ထိ လူ့အခွင့်အရေး ဘာသာရပ် သင်ခန်းစာများအား သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်း၌ လူ့အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၃၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။



## ကော်မရှင်ရုံး (ရန်ကုန်) တွင် ခန့်ထားနိုင်ရေး အငယ်တန်းစာရေးများ ရွေးချယ်ရေးပြုလုပ်ခြင်း



မတ်လ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေးများ ခန့်အပ်နိုင်ရေး အရည်အချင်းစစ် လူတွေ့ဖြေဆို စစ်ဆေးခြင်းကို ကော်မရှင်ရုံးတွင် ၂၆-၃-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ Conference Room ၌ ပြုလုပ် ဆောင်ရွက်ခဲ့ပါသည်။ လူတွေ့ဖြေဆို အောင်မြင်သည့်အငယ်တန်းစာရေးများအား ကော်မရှင်ရုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြဆောင်ရွက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးတွင် ခန့်အပ်သွားမည်ဖြစ်ပါသည်။

---

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) ၌ သင်ခန်းစာ သွားရောက်ပို့ချ

မတ်လ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်လျက်ရှိသော စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၄/၂၀၂၃) ၌ ၂၅-၃-၂၀၂၄ ရက်နေ့ ၁၂:၃၀ နာရီမှ ၁၄:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးအသိပညာပေး သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ်သင်ခန်းစာများကိုပို့ချခဲ့ပါသည်။သင်တန်းတွင်စုစုပေါင်းသင်တန်းသားဦးရေ ၁၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာ သွားရောက်ပို့ချ



မတ်လ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း (မင်္ဂလာဒုံ) တွင်ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်း၌ ၆-၃-၂၀၂၄ ရက်နေ့ ၁၃:၀၀ နာရီမှ ၁၄:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။ သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသားဦးရေ ၁၀၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ

မတ်လ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃) (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း" သို့ ၁၄-၃-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်မှ ၁၂:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဘာသာရပ် သင်ခန်းစာများအား သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်း၌ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ဆွေးနွေး ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၃၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသူ/ သားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်အိတ်များ ရောင်းချ ပေးခြင်း

မတ်လ ၄ ရက်



ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှဆန်အိတ်ပေါ်ဆန်း(၇၇)အိတ်(၅ပြည်ဝင် တစ်အိတ်လျှင် ၂၄၅၀၀ိ/- ကျပ်နှုန်း) နှင့် ညှော်မထ (၅၄) အိတ် ( ၅ ပြည်ဝင် တစ်အိတ်လျှင် ၁၅၀၀၀ိ/- ကျပ်နှုန်း) တို့အား ဝယ်ယူ၍ ကော်မရှင်ရုံးဝန်ထမ်းများသို့ ၄-၃-၂၀၂၄ ရက်နေ့တွင် ပြန်လည်ရောင်းချပေးခဲ့ပါသည်။

## သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) တွင် သင်ခန်းစာသွားရောက်ပို့ချ

မတ်လ ၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်သည် မရမ်းကုန်းမြို့နယ်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် ဖွင့်လှစ်လျက်ရှိသော "သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်းအမှတ်စဉ် (၁၅)" သို့ ၁-၃-၂၀၂၄ ရက်နေ့၊ နံနက် ၉:၀၀ နာရီအချိန်မှ နေ့လယ် ၁၂:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် သက်ကြီးရွယ်အိုအခွင့်အရေးများ စသည့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ ၁၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်မှ ပြန်လည်ဖြေကြားခဲ့ပါသည်။



## ကမ္ဘာမြေရဲ့ချစ်သူ

**မင်းဝိရ**

"ဘဝဟူသည် သစ်ရွက်နှင့် ပမာပုံခိုင်း၍ နှိုင်းစတမ်းဆိုပါလျှင် တစ်ရိုးတံမှာ အလွှာငယ် တစ်ဆယ်မကနှင့် ကြွယ်လှသော စိန်ပန်းရွက်နှယ် ဘဝမျိုးလည်းရှိသည်။ တစ်ညှာတွင် တစ်လွှာရှိ ဤတစ်လွှာပင် တစ်ရွက်မည်သော ညောင်ရွက်ကဲ့သို့ ဘဝမျိုးလည်းရှိပါ၏။ ခိုင်နှင့်ကျွန်တော့် ဘဝမှာမူ ...နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်ရသည့် စွယ်တော်ရွက်ပမာဖြစ်ခဲ့ရသည်။ တစ်လွှာကြွေခဲ့လေပြီမို့ တစ်ရွက် မမည်လေတော့သော အထီးကျန် ဤဘဝငယ် ..."

အ ထ က် ပါ စ ကား လုံး များ သည် ကျွန်တော်၏ နှလုံးသားတွင် အလွတ်ရနေသည်အထိ စွဲလန်းခဲ့ရသော ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ နာမည်ကြီး ဂန္ထဝင်ဝတ္ထုတစ်ပုဒ်ဖြစ်သည့် "သူငယ်ချင်းတွေလိုပဲ ဆက်ခေါ်မည်ခိုင်" ဝတ္ထုထဲမှ အဓိကဇာတ်ကောင် မောင်မှ မိမိ၏ ချစ်သူ

ခိုင်မရှိတော့သောသူ့ဘဝ၏ အထီးကျန်မှုကို ခိုင်းနှိုင်းတင်စား ရေးသားချက်များဖြစ်သည်။

ထို့အတူ ကျွန်တော်အပါအဝင် ဤကမ္ဘာလောကရှိ လူသားများ အားလုံးသည် ထိုအရာကိုသာ မရရှိ၊ မခံစားရလျှင် မောင့်ထက်ဆိုးရွား သောအဖြစ်များကို ကြုံတွေ့ခံစားရ မည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ထိုအရာသည် ကျွန်တော်အပါအဝင် ဤကမ္ဘာလောကရှိ လူသားများအားလုံး တောင့်တလိုအပ်သော အရာဖြစ်သည်။ ထိုအရာကို ရရှိခံစားရသော လူသားများအားလုံးသည် အဓိပ္ပာယ်အရှိဆုံး၊ တန်ဖိုးအရှိဆုံးသော ဘဝကို ငြိမ်းချမ်းစွာ နေထိုင်သွားကြရသည်။ ထိုအရာကို ပိုင်ဆိုင်ခွင့်၊ ခံစားခွင့်မရရှိသော လူသားများ၏ ဘဝသည် ဆင်းရဲဒုက္ခအတိနှင့် ဘဝ၏ တန်ဖိုးရှိသော အရာများနှင့် လောက၏ အလှတရားများကိုလည်း သိမြင်ခံစားခွင့် မရနိုင်မည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ထိုအရာကို ကမ္ဘာလောကရှိ လူသားများအားလုံးက လိုချင်တောင့်တကြသော်လည်း ထိုအရာသည် အမှန်တကယ်တွင်မူ လူသားအားလုံး၏ ကိုးကွယ်ရာဘာသာတရားများတွင် နဂိုမူလကတည်းက နေရှိခဲ့ပြီးသား အရာတစ်ခုပင်ဖြစ်သည်ဟု ကျွန်တော်ခံစားမိပါသည်။ ထိုအရာမှာ လူလူချင်းစာနာတတ်ခြင်းဟူသော "လူ့အခွင့်အရေး" ပင်ဖြစ်သည်။

အလွန်တရာလှပသော ပုလဲလုံးကလေးများကို စီတန်းထားသကဲ့သို့လှပသည့်လူ့အခွင့်အရေး(Human Right) ဟူသော စကားလုံးသည် ကျွန်တော်၏ နှလုံးသားထဲသို့ လှပစွာ တိုးဝှေ့ဝင် ရောက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်စုနီးပါးလောက်ရှိပြီးဖြစ်သည်။ ယခင်သမ္မတ ဦးသိန်းစိန် လက်ထက် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်အစတွင် အဆိုပါစကားလုံးသည် အရာရာကို စူးစမ်းလေ့လာလိုစိတ် ပြင်းပြနေသော ကျွန်တော်တို့ လူငယ်များ အတွက် ရင်ခုန်စိတ်လှုပ်ရှားစရာ၊ စွဲလန်းနှစ်သက်စရာကောင်းသော စကားလုံးတစ်ခုဖြစ်ခဲ့သည်။

နောင်တွင် တဖြည်းဖြည်း သိလာခဲ့ရသည်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပါသည်။ ထိုကဲ့သို့ လွတ်လပ်ရေးရပြီး ဧပြီလ (၁၉) ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ပြုလုပ်သည့် ကမ္ဘာ့ လူ့ အခွင့်အရေး ကြေညာစာတမ်းအတွက် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက မဲခွဲ ဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ထောက်ခံမဲပေးခဲ့သည်မှာ အလွန်ဂုဏ်ယူ ကျေနပ်စရာကောင်းသော သမိုင်းဝင်အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမန်တို့၏ဂျူးလူမျိုး (၆) သန်းကျော်အပေါ် ရက်စက်ယုတ်မာစွာ သတ်ဖြတ်ခဲ့သောဖြစ်ရပ်များကြောင့် ၁၉၄၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကုလသမ္မဂပဋိညာဉ်စာတမ်း (The United Nations Charter) စတင်ပေါ်ပေါက်လာခဲ့သော်လည်း ယင်းစာတမ်းသည် လူ့အခွင့်အရေးစံတန်ဖိုးများကို တိကျရှင်းလင်းစွာ ဖော်ပြနိုင်ခြင်း မရှိသည့်အတွက် ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ပြုလုပ်သော ကုလသမဂ္ဂ အထွေထွေညီလာခံမှ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အဓိပ္ပာယ်ပိုမိုဖွင့်ဆိုနိုင်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) ကို အတည်ပြုထုတ်ပြန်ခဲ့ရာ အဆိုပါကြေညာစာတမ်းသည် လူ့အခွင့်အရေးနှင့် ပတ်သက်၍ ကမ္ဘာပေါ်တွင် ပထမဆုံး တိကျစွာ ပေါ်ပေါက်လာသောကြေညာစာတမ်းဖြစ်သည်။

အဆိုပါကြေညာစာတမ်းသည် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း လူ့အဖွဲ့အစည်းအတွင်း နေထိုင်သည့် လူသားများအားလုံးနှင့် သက်ဆိုင်သည့် လူမှန်လျှင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာ (Moral Force) များကို ဖော်ပြထားပါသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်လာလျှင် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေများအပေါ် စံထားရမည့် ကြေညာစာတမ်းတစ်ခုအဖြစ် ကမ္ဘာတစ်ဝှမ်းမှ လက်ခံထားကြပါသည်။ အဆိုပါစာတမ်းကို ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ကိုးကားအသုံး ပြုရသည့် ကမ္ဘာ့ဘာသာပြန်ဆိုမှုအများဆုံး လူ့အခွင့်အရေးစံတစ်ခုအဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် အတည်ပြု ထုတ်ပြန်ခဲ့သော အဆိုပါနေ့ကို တစ်ကမ္ဘာလုံးက တန်ဖိုးထား လေးစားတတ်စေရန်အတွက် နှစ်စဉ် ဒီဇင်ဘာလ (၁၀) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

အဆိုပါကြေငြာစာတမ်းတွင် အပိုဒ် (၃၀) ပါရှိပြီး ခြုံ၍ လေ့လာကြည့်လျှင် လူ့အခွင့်အရေး အမျိုးအစား (၅) မျိုးအား တွေ့ရှိရပါသည်။ ၎င်းတို့မှာ ပြည်သူ့ရေးရာအခွင့်အရေး (Civil Rights) ၊ (၂) နိုင်ငံရေးအခွင့်

အရေး(Political Rights(၃)စီးပွားရေး အခွင့်အရေး (Economic Right) (၄) လူမှုရေး အခွင့်အရေး (Social Rights) နှင့် (၅) ယဉ်ကျေးမှု အခွင့်အရေး (Culture Right) တို့ ဖြစ်သည်။

အဆိုပါ အခွင့်အရေးများအား လုံးကို ဤကမ္ဘာလောကရှိ မည်သည့် နေရာ၌နေသည့် မည်သည့် လူမျိုး၊ ဘာသာမရွေး လူသားများအားလုံး သည် ခံစားခွင့်ရှိရမည် ဖြစ်သည်။ အုပ်ချုပ်သူ နိုင်ငံတော်အစိုးရများမှ လူ့အခွင့်အရေးများကိုအသိအမှတ်ပြု လေးစား၍ ဥပဒေနှင့်အညီ ကာကွယ် စောင့်ရှောက် ပေးရမည်ဖြစ်သည်။ ပြည်သူများမှလည်း လူ့အခွင့်အရေး ဟုဆိုရာတွင်မိမိ၏ရပိုင်ခွင့်ဟုမတွက် ဘဲ တစ်ဖက်လူ၏ အခွင့်အရေးကို လေးစားအသိအမှတ်ပြု ကိုယ်ချင်းစာ စိတ်ဖြင့်တရားဥပဒေအတိုင်းကျင့်ကြံ နေထိုင်မှ လူ့အခွင့်အရေး၏အနှစ်သာ ရသည် ပိုမိုလှပ အဓိပ္ပာယ်ရှိမည်ဖြစ် သည်။

လူ့အခွင့်အရေးသည် လူသား အားလုံးရပိုင်ခွင့်ရှိသည့် ပယ်ဖျက်၍ မရသော မွေးရာပါ အခွင့်အရေးဖြစ် သော်လည်း မိမိတို့၏ အခွင့်အရေး များကို ရရှိခံစားရာတွင် သူတစ်ပါး၏ အခွင့်အရေးများကို လေးစားတန်ဖိုး ထားပြီး ထိခိုက်နစ်နာဆုံးရှုံးမှု မရှိရ လေအောင် ကျင့်သုံးခြင်းမှာလည်း လူ့အခွင့်အရေး၏ အရေးပါသော အနှစ်သာရတစ်ရပ်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံအနေ ဖြင့်လည်း လူ့အခွင့်အရေးကို လေးစား ကာကွယ်သည့် လူမှုအဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက်စေရန် ရည်ရွယ် လျက် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၈) ရက် နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၁) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။ မြန်မာ နိုင်ငံသမိုင်းတွင် ပထမဆုံးပေါ်ပေါက် ခဲ့သည့် ဥပဒေနှင့်အညီ ဖွဲ့စည်းသည့် လူ့အခွင့်အရေးကော်မရှင်ဖြစ်ပါ သည်။ ကော်မရှင်ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့သည့်နှစ်မှာ ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၂၄) ရက် နေ့ဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေနှင့်အညီ တာဝန်နှင့် ဝတ္တရားများအတိုင်း လူ့အခွင့်အရေး မြှင့်တင်ရေး၊ ကာကွယ်စောင့်ရှောက် ရေးလုပ်ငန်းများနှင့်အတူ အကျဉ်း ထောင်များသို့ သွားရောက်စစ်ဆေး ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လူ့အခွင့်အရေးဆိုင်ရာ အသိပညာ များကို သွားရောက်ပို့ချခြင်း၊ လူ့အခွင့် ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေး ခြင်း၊ တိုင်တန်းချက်များအား လက်ခံ ဆောင်ရွက်ခြင်းတို့ကို အင်တိုက်အား တိုက် လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့် အရေးနှင့် စပ်လျဉ်းသည့် အဓိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူ စာချုပ် (International Covenant on-Economic, Social and Cultural Rights - ICESCR) ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူ စာချုပ် (Convention on the Rights of the Child-CRC)၊ အမျိုးသမီး များအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူ စာချုပ် (Convention on the Elimination of All forms of Discrimination Against Women - CEDAW) နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် (Convention on the Rights of Persons with Disabilities-CRPD) တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင် ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များ နှင့် ဆက်စပ်သည့် နောက်ဆက်တွဲ သဘောတူစာချုပ်များဖြစ်သော (CRC- OP-SC/ CRC-OP-AC) တို့ကို လည်း အသီးသီး ပါဝင် ချုပ်ဆိုထား သည်။

ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၏ ပုဒ်မ ၂၁ (က)၊ ပုဒ်မ ၄၄၊ ပုဒ်မ ၃၄၈၊ ပုဒ်မ ၃၅၃၊ ပုဒ်မ ၃၅၈ စသည်ဖြင့် ပုဒ်မ အများအပြား တွင်လည်းကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ကို ထည့်သွင်း ပြဋ္ဌာန်းထားသလို နိုင်ငံသူနိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များကို အခန်း တစ်ခန်းအဖြစ် သီးခြားပြဋ္ဌာန်းထားရှိ ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေ ဖြင့် ကြေညာစာတမ်းပါ အခွင့်အရေး များကို အခြေခံရေးဆွဲ ပြဋ္ဌာန်းထား သော အဓိကနိုင်ငံတကာ လူ့အခွင့် အရေး စာချုပ် (၉) ခုအနက် (၄) ခုနှင့် နောက်ဆက်တွဲ စာချုပ် အချို့၌ အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိပြီးလိုအပ် သော ပြည်တွင်းဥပဒေများ ပြဋ္ဌာန်း ခြင်း၊ အမျိုးသားအဆင့် ယန္တရား (Mechanism)များတည်ဆောက်ခြင်း ဖြင့် အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိပါသည်။

ယခုလတ်တလော ကျွန်တော် တို့မြန်မာနိုင်ငံတွင် ကြုံတွေ့ရင်ဆိုင် နေရသော လူ့အခွင့်အရေး ချိုးဖောက် မှုများတွင် နိုင်ငံရေး မတည်ငြိမ်မှု ကြောင့် နိုင်ငံတွင်း တည်ငြိမ်အေးချမ်း မှုကို မလိုလားသည့် အကြမ်းဖက် လက်နက်ကိုင်များနှင့် ပြည်တွင်းစစ်

၏ နောက်ဆက်တွဲ ဆိုးကျိုးများနှင့် အတူ စစ်ဘေးရှောင် စခန်းများတွင် နေထိုင်ရသော အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်စောင့်ရှောက်မှုများကို အကောင်းဆုံးလုပ်ဆောင်နေသော်လည်း အမျိုးသမီးများ လူကုန်ကူးခံရခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ လုပ်ခလစာအပြည့်အဝမရရှိခြင်းများ စသည့် စစ်ဘေးရှောင်စခန်းများရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ သည် ကျွန်တော်တို့ မြန်မာနိုင်ငံ အတွင်း လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသော လူ့အခွင့်အရေးဆိုင်ရာ ပြဿနာရပ်များပင် ဖြစ်သည်။ ကလေးသူငယ်များသည်လည်း လူဟုသန္ဓေတည်ကတည်းကပင် အသက်ရှင်သန်ခွင့်နှင့်အတူ မိခင်၊ ဖခင်တို့၏ ကောင်းမွန်စွာပြုစုစောင့်ရှောက်မှုကို ခံယူခွင့်၊ ကောင်းမွန်စွာ ရှင်သန်ကြီးပြင်းခွင့်၊ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့်အတူ မည်သည့်နိုင်ငံရေးအခြေအနေနှင့် မည်သည့် နေရာဒေသ၌မဆို ကောင်းမွန်စွာ ပညာသင်ကြားခွင့်တို့သည် ကလေးသူငယ်တို့၏အခြေခံလူ့အခွင့်အရေးများပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်မှ တစ်ဆင့်ကြီးပြင်းလာသည့်အနာဂတ် လူငယ်တို့၏ ပညာရေးနှင့် အသိဉာဏ်ပညာသည်သာလျှင် ဤကမ္ဘာလောကရှိ လူမှုအဖွဲ့အစည်းများ အားလုံးရှင်သန်ကြီးထွားမှု၏အသက်သွေးကြောပင်ဖြစ်သည်။

ပြည်တွင်းစစ်ကြောင့် မသန်စွမ်းသူများသည်လည်း လူ့အခွင့်အရေးချိုးဖောက်ခံရလွယ်သူများတွင် ပါဝင်ရာ မသန်စွမ်းမှုကိုအကြောင်းပြု၍ ခွဲခြားမှုမပြုရေး အားလုံးတွင် တာဝန်ရှိပါသည်။ တွမ်ဟန့်၏ (Forrest Gump) ဇာတ်ကားထဲမှ သူမ၏ သားအပေါ် ထားရှိသည့် Forrest၏ မိခင်လို စိတ်ထားမျိုးဖြင့် မသန်စွမ်းသူများသည်လည်း သန်စွမ်းသူများနည်းတူ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို အပြည့်အဝခံစားမှုရှိစေရမည်ဟု လူလူချင်း ချစ်ခင်လေးစားမှုဖြင့် အသိအမှတ်ပြုလက်ခံမှ ကမ္ဘာလောကကြီး ငြိမ်းချမ်းမည်ဖြစ်သည်။

ထို့အပြင်လူ့အခွင့်အရေး၏ တကယ့်အနှစ်သာရမှာ အားနည်းသူများဘက်မှ ရပ်တည်ပေးခြင်းသာဖြစ်သည်။ လူ့အဖွဲ့အစည်းရှိ လူသားများအားလုံးသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လိုလားခဲ့ကြသော်လည်း လူနည်းစုများ၏ အခွင့်အရေးကို လေးစားလိုက်နာခြင်းသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရှင်သန်ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်ဖြစ်ခြင်းကို မေ့ထားကြသည်။ ကိုယ်က လူ့အခွင့်အရေးကို လိုချင်သော်လည်း လူနည်းစု၏ အခွင့်အရေးကို လေးစားအသိအမှတ်ပြုရန် ဆန့်ကျင်လာကြသည်။

လူ့အဖွဲ့အစည်းရှိ လူအများစု၏ သဘောသဘာဝမှာ လူအများစု၏ စံတန်ဖိုးများကိုသာလျှင် သဘာဝတရားနှင့် ကိုက်ညီသည့် အမှန်တရားတစ်ခုအဖြစ် တည်ဆောက်ထားကာ လူနည်းစုများက တောင်းဆိုသည့် အခွင့်အရေး ဆိုသည်မှာ လူ့အဖွဲ့အစည်းကို အန္တရာယ်ပြုမည့် အခွင့်အရေး၊ပုံစံတစ်ရပ်အဖြစ်ခံယူကြခြင်းသည်တရားဥပဒေဖြင့် အရေးယူ၍ မရနိုင်သော လူ့အခွင့်အရေးသမားများ၏ ကိုယ်တိုင် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ်ပင်ဖြစ်သည်။ လောကတွင် မိမိကိုယ်တိုင်၏ အသိဉာဏ်ကို သိလျက်နှင့် မိမိကိုယ်တိုင်ချိုးဖောက်ခြင်းသည် လူ့အဖွဲ့အစည်းအတွက် အကြီးမားဆုံး အဆိပ်အတောက်တစ်ခုပင်ဖြစ်သည်။

ပို့စ်မော်ဒန် လူမှုရေးဗေဒ ပညာရှင်ဇစ်ဂမွန်ဘိုမင်းန် (Zygmunt Baumar) က ဝါးမြို့ခံရခြင်း (ဝါ) လူအုပ်စုအတိုင်း အသွေးတူအရည်တူ ဖြစ်အောင်လုပ်ခံရခြင်း (assimilation) သည် လူနည်းစုအုပ်စုများ၏ ချိုးဖောက်ခံရမှုအများဆုံးပြဿနာတစ်ခုဖြစ်ကြောင်း ဖွင့်ဆိုခဲ့ပါသည်။ လူနည်းစုအခွင့်အရေးချိုးဖောက်မှုသည် လူ့အခွင့်အရေး၏ အခြေခံစနစ်ကို ချိုးဖောက်ခြင်းဟုပင်တချို့က ပြောဆိုကြပါသည်။

ထို့အပြင် ကုလသမဂ္ဂအထွေထွေညီလာခံမှ အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီမှုဖြင့် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သော ‘‘ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်’’ (The 2030 Agenda for Sustainable Development) ၏ ပန်းတိုင် (၁၇) ခုရှိရာ ပန်းတိုင်များ ရည်ညွှန်းကိန်းစုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်သည် လူ့အခွင့်အရေးနှင့် ပတ်သက်ဆက်နွယ်နေသော အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များဖြစ်သည်။ ယနေ့ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ဖြစ်ပျက်နေသော နိုင်ငံအချင်းချင်း ပဋိပက္ခများအားလုံးသည်လည်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကြောင့် ဖြစ်သည်ဟုဆိုလျှင် မမှားနိုင်ပါ။

ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံတွင်လည်း ယခင် အမေရိကန်နှင့် ရုရှား ပြည်ထောင်စုနှစ်နိုင်ငံသည် (Balance of Power) အနေအထား ဖြင့်ရှိခဲ့သော်လည်း ၁၉၉၁ ခုနှစ် ဆိုဗီယက်ယူနီယံကြီး ပြိုကွဲခဲ့ချိန်မှစ၍ မဟာအင်အားကြီး အမေရိကန် တစ်နိုင်ငံတည်းသာရှိခဲ့ရာမှ ယနေ့ အချိန်အခါတွင် ကမ္ဘာကြီးသည် (Globalization) ဟူသော ခေတ်ကာလတစ်ခုကို ရောက်ရှိလာချိန်တွင် နိုင်ငံကြီးများက နိုင်ငံငယ်များအပေါ် လူ့အခွင့်အရေး ဘန်းပြပြီး ခုတုံးလုပ်ကာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်ရန်စမှုများကြောင့် စစ်ပွဲများဖြစ်ပွားနေခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် လူ့အခွင့်အရေးဆိုသည်မှာ မိမိ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုခံစားခွင့်ရှိပြီး အခြားသူများ၏ အခွင့်အရေးများကို လေးစား အသိအမှတ်ပြုသည့် အရာတစ်ခုဖြစ်ရာ လူ့အခွင့်အရေးကို ငြင်းပယ်သောသူများ၊ တန်ဖိုးမထားသောသူများသည် ဤကမ္ဘာ လောက၏ အဆိပ်အတောက်များပင်ဖြစ်သည်။ တစ်နည်းဆိုရသော် လူ့အခွင့်အရေးကို ငြင်းပယ်သောသူများသည် ဤကမ္ဘာလောကအတွက် အကျိုးမရှိသော ကမ္ဘာမြေ၏ ရန်သူများပင်ဖြစ်သည်။စာနာတတ်သောနှလုံးသားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်ကြံနေထိုင်သောသူများအားလုံးသည် မြင့်မြတ်နှလုံးသားပိုင်ရှင် “ကမ္ဘာမြေရဲ့ချစ်သူ” များပင်ဖြစ်သည်။

*****

# ENGLISH SECTION

Vol.3 No.4 April, 2024

## MNHRC Gives Lectures at Ministry of Foreign Affairs

March 12

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is encouraging to raise public knowledge of human rights by disseminating information and educating the public as much as possible. Chairman U Paw Lwin Sein of the Myanmar National Human Rights Commission gave lectures at the Certificate Course in Basic Diplomatic Skills–BDS No. (45/2023) held at the Ministry of Foreign Affairs (Yangon) on 12 March 2024 from 07:00 to 08:50. In doing so, Chairman U Paw Lwin Sein addressed the lectures on the Formation of Myanmar National Human Rights Commission, Statutory Appearance of the Myanmar National Human Rights Commission Law, and its duties and responsibilities. Following the lectures, the lecturer accepted questions from the attendees. A total of 100 trainees attended the aforementioned course.

## Conducting a Talk to Commemorate International Women's Day

March 7

Myanmar National Human Rights Commission conducted a talk to commemorate International Women's Day on 8 March 2024. The talk was conducted at the Conference Room of MNHRC on March 7, 2024 at 14:00 using a Hybrid System.

At the talk, Chairman U Paw Lwin Sein and his wife, Vice-Chairperson, the Commissioners and their wives, Director General, Deputy Director General, Directors from respective divisions, and staff attended.

Initially, Chairman U Paw Lwin Sein gave an opening remark. The remark was followed by a discussion about International Women's Day by Commissioner Dr. Myint Thu Myaing and a presentation by Women Rights Desk Officer Daw Moht Moht Aung about the involvement of the Myanmar National Human Rights Commission in the National Strategic Plan for the Advancement of Women (2023–2032) concerning women's rights. The talk concluded at 16:00.

## Field Visit to Mandalay Boy's Training School by MNHRC

March 5

The inspection team, led by Members of Myanmar National Human Rights Commission U Kyaw Soe, Dr. Than Myint, Dr. Tin Maung Maung Than and U Tin Aung inspected Mandalay Boy's Training School in Aung Myay Thar Zan Township, Mandalay Region on 5 March 2024 according to Section 43 and Section 44 of MNHRC Law.

The inspection team inspected in accordance with the MNHRC's Law and Procedures whether the young boys who are detained in the centre can get the fundamental rights including healthcare services, food supply, provision of purified drinking water, adequate dormitories,

availability of Citizenship Scrutiny Card, Support programme for physical and mental development as well as right to education, vocational trainings, communication with their families, reintegration with their families and freedom of religion.

MNHRC will send recommendations to the relevant department for necessary action based on the findings during inspection.

## The Myanmar National Human Rights Commission inspects Bago Jail

March 19

The inspection team, led by U Kyaw Soe and U Tin Aung, members of the Myanmar National Human Rights Commission, conducted an inspection to Bago Jail in Bago Township, Bago Region, on 19 March, 2024 in accordance with Sections 43 and 44 of the Commission Law.

The inspection team inspected the Bago Jail according to MNHRC law and procedures whether the prisoners and detainees enjoy the fundamental rights, including appropriate food supply, access to healthcare and provision of adequate purified water, family visits, rights to freedom of religion, the prisoners in order to ensure that whether their personal items, items sent by families can get, whether there were human rights violations, torture cases in the prison and status of cleanliness, status of fasting during the Ramadan and also privately interviewed the prisoners who wish to meet with the inspection team freely and privately.

The inspection team inspected the dormitories, clinic, library, kitchen, food storage, water purifier, water sanitation system of the jail.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo)

March 20

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. Commissioner Dr. Than Myint and Director U Zaw Lwin Htoo of the Commission office gave lectures on human rights at the Battalion Commander Training Course No. (114), (115) and the Company Commander Training Course No. (222) held at the Myanmar Army Combat Force School (Bahtoo) on 20 March 2024 from 12:00 to 15:00 via Video Conferencing System. Commissioner Dr. Than Myint addressed the Human Rights Concept, while Director U Zaw Lwin Htoo discussed the Universal Declaration of Human Rights, Nine Core Conventions, and the Organization and Functions of the Myanmar National Human Rights Commission. A total of 198 army officers attended these courses, with 118 participating in the Battalion Commander Training Courses and 80 in the Company Commander Training Course.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)

March 21

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is encouraging to raise public knowledge of human rights by disseminating information and educating the public as much as possible. Commissioner Dr. Than Myint and Director U Zaw Lwin Htoo of the Commission office gave lectures on human rights at the Company Commander Training Course No. (97), (98) holding at the Myanmar Army Combat Force School (Bayintnaung) on 21 March 2024 from 12:00 to 15:00 via Video Conferencing System. In doing so, Commissioner Dr. Than Myint addressed the Human Rights Concept, while Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 167 army officers attended the aforementioned courses.

## MNHRC conducts a talk on the Right to Healthcare

March 4

To raise awareness of human rights, support the implementation of healthcare initiatives, and boost performance among University of Nursing students, the Myanmar National Human Rights Commission conducts a talk on the right to healthcare. The talk took place in Taw Win Thazin Hall at the University of Nursing (Mandalay) on March 4, 2024, at 10:00 am.

At the talk, 260 people attended the discussion, including Commissioner Dr. Than Myint and Commissioners, officials, and distinguished guests from the University of Nursing.

Initially, Commissioner Dr. Tin Maung Maung Than gave an opening remark. Following the opening remark, the officials of the Commission office broadly presented on human rights and healthcare rights.

## The Myanmar National Human Rights Commission inspects Hmawbi Police Lock-up, Court Detention Centers and Home for the Aged (Hmawbi)

March 15

The inspection team, led by U Kyaw Myint, member of the Myanmar National Human Rights Commission, inspected the Hmawbi Myo Ma Police Lock-up, Hmawbi District Court Detention Center, Hmawbi Township Court Detention Center and Home for the Aged (Hmawbi) in Hmawbi Township, Yangon Region in accordance with Sections 43 and 44 of the Commission Law on 15 March, 2024.

The inspection team inspected Hmawbi police lock-up and court detention center that the conditions of remand period of detainees, families visit, status of appearance, food supply, water sanitation system, status of cleanliness and status of communication with lawyer of the detention centers.

Then, the inspection team inspected the Home for the Aged (Hmawbi) in accordance with the MNHRC Law and Pocedures whether the old aged persons can get fundamental human rights including healthcare services, food supply, provision of purified drinking water, right to freedom of religion, adequate dormitories and arrangements for leisure.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection.

## MNHRC Gives Lectures at the Ministry of Social Welfare, Relief and Resettlement

March 11

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. U Zaw Lwin Htoo, the Director of the Commission office, conducted lectures on human rights at the "Training Course on Awareness Raising of Human Rights Conventions," held at the Ministry of Social Welfare, Relief, and Resettlement in Nay Pyi Taw on 11 March 2024 from 10:00 to 16:45. During the lecture, Director U Zaw Lwin Htoo covered topics such as the Basic Concept and Core Conventions of Human Rights. Following the lectures, the Director engaged with the trainees, answering their questions. The course was attended by a total of 33 trainees.

## MNHRC Gives Human Rights Lecture at Detective Training School (Insein)

March 25

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. Director U Zaw Lwin Htoo of the Commission office conducted lectures on human rights during the Detective Officer Training Course (194/2023) at the Detective Training School (Insein) on 25 March, 2024, from 12:30 to 14:55. During the lecture, Director U Zaw Lwin Htoo addressed topics such as the Human Rights Concept, the Universal Declaration of Human Rights, and the Organization and Functions of the Myanmar National Human Rights Commission. Following the lectures, the lecturer was followed by the question and answer section. A total of 120 officers participated in the aforementioned course.

## MNHRC Gives Human Rights Lecture at Institute of Development Administration (Mingaladon)

March 6

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, Daw Mi Mi Khaing, the Deputy Director of the Commission office, conducted lectures on human rights at the Administration Officer Grade (1) Training Course (1/2024), held at the Institute of Development Administration in Mingaladon by the General Administration Department on 6 March 2024, from 13:00 to 14:50. During the lecture, Deputy Director Daw Mi Mi Khaing covered topics including the Human Rights Concept, Universal Declaration of Human Rights and the Organization and Functions of the Myanmar National Human Rights Commission. Following the lectures, Deputy Director Daw Mi Mi Khaing engaged with the trainees, answering their questions. The course was attended by a total of 100 officers.

## MNHRC Gives Lectures at the Ministry of Social Welfare, Relief and Resettlement

March 14

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Deputy Director Daw Mi Mi Khaing of the Commission office gave lectures on human rights at the "Capacity Building Training for the staff who related to Preventing for and Response to Sexual Violence during the Conflict" held at the Ministry of Social Welfare, Relief and Resettlement (Nay Pyi Taw) on 14 March 2024 from 10:00 to 12:00. In doing so, Deputy Director Daw Mi Mi Khaing covered the lecture on the matter of prevention for and response to sexual violence during the conflict from the perspective of human rights. Following the lecture, the lecturer also addressed questions posed by the trainees. A total of 30 trainees have been attending the aforementioned course.

## MNHRC Gives Human Rights Lectures at Elderly Daycare Center (Mayangone)

March 1

Myanmar National Human Rights Commission is gearing up to promote public awareness of human rights through the provision of information and education under Section 22 (a) of the Myanmar National Human Rights Commission Law.

U Kaung Khant Zin, staff officer of the Commission office, gave lectures at the Caregiver for Elders Course (No.15) held at the Elderly Daycare Center (Mayangone) on 1$^{st}$ March 2024 from 9:00 to 12:00. During the lecture, staff officer U Kaung Khant Zin addressed topics including the Human Rights Concept, Universal Declaration of Human Rights, and Human Rights of Older Persons. Following the lectures, U Kaung Khant Zin engaged with the trainees, answering their questions. The course was attended by a total of 14 trainees.

## Status of Handling Complaints

During March 2024, MNHRC received 31 Complaints on the violations addressed to the Commission and 3 complaints remain in February. The complaint investigation team held 4 complaint screening meetings for examining the total of 34 complaints. 6 cases were referred to the relevant departments and on 2 cases, the complainant was advised on more appropriate remedies. 23 Cases which were not within the competence of the Commission were put on record in accordance with the section 32 (b), 32 (c), 37 (a) of MNHRC law and not appropriate of Complaints. 3 Letters of complaint remain in March.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။
ဖုန်း– ၀၆၇၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း– ၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း– ၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း– ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm